ကင်းဆိပ်ကျေးရွာ၊မြောက်ဦးမြို့နယ်

ရခိုင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကင်းဆိပ်ကျေးရွာ၊မြောက်ဦးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မတ်လ

# မာတိကာ


**မာတိကာ** ၂

**စကားချီး** ၅

**ကင်းဆိပ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မြောက်ဦးမြို့နယ်** ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က) တည်နေရာ၊မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၁၀

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု၏

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခံခွဲမှု

(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင့်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အအုံများလက်လှမ်းမှီရယူမှု-လမ်း၊တံတား၊လျှပ်စစ်စွမ်းအင်၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ ၊ ၁၄ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
**(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ** ၁၅



**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ်** ၁၅
**ကျသောချိတ်ဆက်မှုများ**
**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ** ၁၆
**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး**
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်** ၂၀
**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းများဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၂၄

(၁) ရွာ၏ လူမှုစီးပွားရေးအခြေအနေ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ
ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ
ဇယား (၅) ဥစာဓနအဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ
ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု



ဇယား (၁၃) ကျေးရွာ၏ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံလုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု ၊ဈေးကွက်လက်လှမ်းမှီမှုအခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်ကျင်ဆိုင်ရာအခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေးအခက်အခဲနှင့် ပြသနာများ
ဇယား (၃၁) အဖြစ်များသောရောဂါများ
ဇယား (၃၂) ကျန်းမာရေးအထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေးရရှိမှု
ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှုအခြေအနေ



**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှာရမည့် စိန်ခေါ်မှုများ** ၅၀
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆင်း (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ )** ၅၁

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆင်း


**ကိုးကားစာရင်း** ၅၄

**အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်** ၅၄

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ


**အတိုကောက်စကားလုံးများ**

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MOAI | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| MoLFRD | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLDR | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDC | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |
| VTDSC | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ(၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောကျေးရွာသား များပူးပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနေဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုအစီအစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှ စီစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းဖြစ်ပြီး ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်ခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုး ကူညီမှုများရရှိမည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂) ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည်

စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ်လ ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကင်းဆိပ်ကျေးရွာ
မြောက်ဦးမြို့နယ်

# ကျေးရွာနှင့်သယံဇာတပြမြေပုံ

(ကင်းဆိပ်ကျေးရွာ၊ မြောက်ဦးမြို့နယ်)




နေ့စွဲ / ၁၁.၁.၂၀၁၈

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရ ပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံး၊ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊သတင်းအချက်အလက်များ ရယူရန် နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိ လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရ သောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသောအချက် များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိက ကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သတ်သူ မှန်သမျှတို့ သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင် စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများ အနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်း တို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင် မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။



ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည့်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်မည်။

## (ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ

ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင့်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောက်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကင်းဆိပ်ကျေးရွာသည် ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ်၊ ကင်းဆိပ်ကျေးရွာ အုပ်စုတွင်ပါဝင်ပြီး မြောက်ဦးမြို့နယ်၏အနောက်တောင်ဘက်(၃.၂)မိုင် အကွာတွင် တည်ရှိသည်။ ၎င်းကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်တွင် မိုးစပါးစိုက်ပျိုးသော လယ်ယာမြေ(၄၆၀.၆)ဧကရှိပြီး မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု



ဟူ၍ ရာသီ(၃) မျိုးရှိပြီး နွေဥတုသည် မတ်လမှဇွန်လအထိ၊မိုးဥတုသည် ဇူလိုင်လမှအောက်တိုဘာလအထိ၊ ဆောင်းဥတုသည် နိုဝင်ဘာလမှ ဖေဖော်ဝါရီထိဖြစ်သည်။ မိုးများသော မြေပြန့်ဒေသဖြစ်၍ လယ်မြေများနှင့် လူနေအိမ်များတွင် ရေလွှမ်းမိုးခြင်းကို မကြာခဏခံရတတ်သည်။

## (ခ) သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ ညောင်ပင်၊အုန်း၊ကွမ်းသီးပင်၊ကုက္ကို စသောအမြဲစိမ်းပင်များနှင့် ဓနိတောများပေါက်ရောက်သည်။ မိုးစပါးသီးနှံစိုက်ပျိုးသော လယ်(၄၆၀.၆)ဧကရှိပြီး ကျေးရွာပတ်ဝန်းကျင် တွင် မြစ်ချောင်းများပေါများ၍ အသေးစားငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။

## ၃။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် မိသားစုဝင်ပေါင်း (၁၆၉) စုရှိပြီး၊စုစုပေါင်းလူဦးရေ (၈၃၇) ဦး၊ ကျား(၄၁၅) ဦး၊ မ(၄၂၂) ဦး မှီတင်းနေထိုင်ကြသည်။ အမျိုးသမီးဦးရေနှင့် အမျိုးသားဦးရေမှာ မကွာခြားဘဲ အလုပ်လုပ်နိုင်သူ အသက်(၁၅) နှစ်မှ (၆၄) နှစ်အတွင်း လူဦးရေ (၅၉၆) ဦးရှိပြီး ကျေးရွာ၏ အိမ်ထောင်ပျမ်းမျှ လူဦးရေမှာ (၄) ဦးခန့်ဖြစ်သည်။

### (ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် မိုးစပါးစိုက်ပျိုးခြင်းဖြစ်ပြီး တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် ရေလုပ်ငန်းကို အနည်းငယ်လုပ်ကိုင်ကြသည်။ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ ၆၀% သည် ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်များဖြစ်ကြပြီး ၁၀% သည် ချမ်းသာသည့် အဆင့် ၃၀% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့်ရှိပြီး ချမ်းသာသောလယ်သမား အိမ်ထောင်စုများမှအပ အခြားလယ်သမားအိမ်ထောင်စုအချို့မှာ လက်သမား၊ပန်းရံ၊အထည်ချုပ်စသော နေ့စား၊ကျပန်းဝင် ငွေရလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသည်။ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သောလယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်(၂၃) စုရှိပြီး ၈၀% သည် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၈)စု၊ ဆင်းရဲသားမုဆိုးဖိုအိမ်ထောင်စု(၁၃)စု ရှိပြီး အဓိကဝင်ငွေရလုပ်ငန်းမှာ ကျပန်းနေ့စားလုပ်ငန်းနှင့် ဝက်မွေးမြူရေး တွဲဘက်လုပ်ကိုင်ခြင်းဖြစ်သည်။ ၎င်းပြင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆) ဦးရှိပါသည်။ကျေးရွာတွင် မိသားစု စောင့်ရှောက်မှုမရှိသော သက်ကြီးဒုက္ခိတများကို ကျေးရွာမှစောင့်ရှောက်ထားပါသည်။ ကျေးရွာတွင် တနှစ်စာဝမ်းစာဖူလုံသော အိမ်ထောင်စုမှာ(၁၈)အိမ်ခန့်သာရှိပြီး ကျန်အိမ်ထောင်စုများ နေ့စားလုပ်အားခ၊ ငွေတိုးယူ၍ ဝမ်းစာဝယ်စားခြင်း၊ စပါးလယ်ထွန်ခလုပ်အားကြိုတင်ယူခြင်း၊ ကောက်စိုက်ခကြိုတင်ငွေ ယူခြင်းများဖြင့် ဝမ်းစာကို ဖြေရှင်းကြသည်။ ကျေးရွာတွင် လယ်ယာမဲ့ဆင်းရဲသားအိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းလုပ်ငန်းကိုသာအများစုလုပ်ကိုင်ကြပြီး မိုးဆက်တိုက်ရွာသော

နေ့များတွင် အလုပ်အကိုင်မရှိသောကြောင့် ဝမ်းစာဝယ်စားရန် အခက်အခဲနှင့်ကြုံတွေ့ရသည်။ ကျေးရွာလူငယ်များသည်



လုပ်ငန်းခွင်များတွင် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရပြီး အလုပ်အကိုင်ပင်ပန်း ဆင်းရဲမှုကြောင့် စိတ်အပန်းဖြေ သက်သာမှုရရန် အရက်သောက်သုံးမှုရှိကြသည်။

### (ဃ) ကျန်းမာရေး နှင့် အဟာရ

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်၊လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ ဆန်စပါးစိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊ မိသားစုများနေ့စဉ်ဝင်ငွေ အသင့်ရှိသောကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များအပါအဝင် ယေဘုယျအားဖြင့် အဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်တင့်ကောင်းမွန်ကြောင်းရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရဦးရေ(၅ )ဦး ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့်လူငယ်များမှာ အသက်မွေးဝမ်းကျောင်း၊ ပညာနိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးဆဲ ဖြစ်သည်။ ကျေးရွာသားအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင် နေ့စားလုပ်သားများဖြစ်ကြပြီး အချို့မှာဆောက် လုပ်ရေး လုပ်ငန်း၊လက်သမား ပန်းရံအလုပ်လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အစိုးရဝန်ထမ်း(၄) ဦး ရှိပြီး ဌာနအမျိုးမျိုးတွင် တာဝန်ထမ်းဆောင်နေကြသည်။

### (စ) ကျား-မ ဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာတွင် ကျားမတန်းတူ အခွင့်အရေးရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိကြသည်။အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ရေခပ်၊ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ကောက်စိုက်ခြင်း၊

အမျိုးသားများသည် ပျိုးနှုတ်ခြင်း၊ လယ်ထွန်ခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ယဉ်ကျေးမှုပွဲတော်၊ ရှင်ပြုအလှူပွဲ၊ သီတင်းကျွတ်လဆီမီးထွန်းပွဲတော်များတွင် (နွေရာသီတွင် ယဉ်ကျေးမှုသင်တန်းဖွင့်ခြင်း) အမျိုးသား နှင့်အမျိုးသမီးများသည် ပူပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ ပညာရေးတွင် မူလတန်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား‌မတန်းတူအခွင့်အရေးရှိပါသည်။



## ၄။ ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသောအဖွဲ့(၃)ဖွဲ့ ရှိသည်။ သာရေးနာရေး၊ငွေစုငွေချေး အဖွဲ့(၂)ဖွဲ့ ရှိသည်။ပြင်ပမှလာရောက်ဖွဲ့စည်းပေးထားသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် လှုပ်ရှားဆောင်ရွက်မှု အားနည်းကြောင်းတွေ့ရပါသည်။ကျေးရွာ မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်းတွင် လိုအပ်သည်များကို ဆရာများနှင့်ပူပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးပါသည်။ ၂၀၁၀/၂၀၁၁ ပညာသင်နှစ်မှစတင်၍ ကျေးရွာတွင် မူလတန်းကျောင်း ဖွင့်လှစ်ရာသီတွင် ကျောင်းအပ်နှံရာတွင် အခမဲ့ဖြင့် ကျောင်းဝင်ခွင့်ပြုသည်။ ကျောင်းဖွင့်ရာသီအစတွင် ကျေးရွာမှကျောင်းနေအရွယ်ကလေးများကျောင်းသို့ ပို့ဆောင်နိုင်ရေးတို့ကို မိဘဆရာအသင်းသည် ဆရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပါသည်။အဖွဲ့အသီးသီး၏ လုပ်ကိုင်ဆောင်ရွက်နေမှုသည် အချင်းချင်းချိတ်ဆက် ဆောင်ရွက်မှု နည်းသည်မှအပ ကျေးရွာဖွံ့ဖြိုးရေး ဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်သည် ကောင်းမွန်သည့် အနေအထားတွင် ရှိပါသည်။

### (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး စိုက်ပျိုးခြင်းဖြစ်သည်။မိုးစပါးစိုက်ပျိုးဧက (၄၆၀.၆ )ဧက၊ နှစ်စဉ်ကျေးရွာမှ စပါးတင်းရေ(၄၀၀၀၀)ခန့်ထွက်ရှိသည်။ စိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြသည်။ စပါးကို ဇွန်လတွင်တင်စိုက်ပျိုးလေ့ရှိပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ တစ်ဧကလျှင်ပျမ်းမျှ (၆၀)တင်း ဖြစ်သည်။နှစ်စဉ်ဆက်သီးထပ်စိုက်ပျိုးသောမြေများ ဖြစ်သောကြောင့်

စပါးအထွက်နှုန်း အသင့်အတင့်ဖြစ်သည်။ အခြားသား/ငါးထုတ်လုပ်ရေး ကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုအချို့သည် တစ်ပိုင်တစ်နိုင် ဝက်၊ ကြက် ၊ ဘဲမွေးမြူကြသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာမှ လယ်ယာမဲ့ အိမ်ထောင်စုများသည် မိသားစုဝင်ငွေရရှိရေးအတွက် စက်ချုပ်ခြင်း၊ ထော်လာဂျီဖြင့် ဆန်စက်သို့စပါးကုန်စည်ပို့ဆောင်ခြင်း၊ ကုန်ရောင်းကုန်ဝယ် စသောလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာအိမ်ထောင်စုအချို့သည် လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်းအလုပ်ဖြင့် အသက် မွေးကြပြီး အချို့သည် စားကုန်နှင့်ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချခြင်းဖြင့် အသက်မွေးကြသည်။ ကျေးရွာ အိမ်ထောင်စုအချို့မှ မိသားစုဝင်(၁၀၀)ကျော်သည် ပြည်တွင်း၊ ပြည်ပသို့သွားရောက်လုပ်ကိုင်ကြပြီး ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ တရုတ်စသောနိုင်ငံများတွင် အများဆုံးဖြစ်သည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာမှ သဘာဝအလျောက်ပေါက်ရောက်သော သစ်ပင်များသည် ထင်းလောင်စာထုတ်ယူခြင်း ကြောင့် သစ်တောပြုန်းတီးမှုနှင့် ရင်ဆိုင်နေရသည်။ သစ်ပင်စိုက်ပျိုးရေးဆောင်ရွက်လေ့မရှိဘဲ နွားများ လွှတ်ကျောင်းခြင်း၊ ထင်းခုတ်ခြင်း၊ ပြုစုစောင့်ရှောက်မှုမရှိခြင်းတို့ကြောင့် သစ်ပင်များပြုန်းတီးခြင်း ဖြစ်ကြောင်းတွေ့ရှိရသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြောက်ဦးမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုရရှိပြီး တောင်သူလယ်သမား များအား စပါးသီးနှံတစ်ဧကလျှင် ချေးငွေ(၁၅၀၀၀၀)ကျပ်နှုန်း၊ ချေးငွေကာလမှာ (၁)နှစ်၊ အတိုးနှုန်းမှာ



(၀.၄၅)ကျပ်ဖြစ်သည်။ သို့သော် တောင်သူလယ်သမားတစ်ဦးစီ၏ ချေးငွေရရှိမှုသည် တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်းနှင့် အများဆုံး (၁၀)ဧကအထိသာရရှိကြသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များအတွက် အတိုးနှုန်းသက်သာသော ချေးငွေဝန်ဆောင်မှု လုံးဝမရရှိဘဲ ကျေးရွာမှအသင့်အတင့် ချမ်းသာ သော အိမ်ထောင်စုများထံမှ မြင့်မားသောအတိုးနှုန်းဖြင့် ချေးယူကြရသည်။ ပျမ်းမျှအားဖြင့် တစ်လအတွက် ချေးငွေအတိုးနှုန်းသည် (၁၀)ကျပ်မှ (၁၅)ကျပ်အထိ ရှိကြောင်းတွေ့ရှိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

**ပညာရေး**

ကျေးရွာတွင် မူလတန်းပညာရေးကို သင်ကြားနိုင်ပြီး မူလတန်းကျောင်းသားဦးရေ စုစုပေါင်း (၈၂)ဦး၊ အထက်တန်းကျောင်းသားဦးရေစုစုပေါင်း (၂၃)ဦးရှိပြီး အလက(၁)နှင့် အထက(၁)ကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသည်။ တက္ကသိုလ်ပညာသင်ကြားနေသူ စုစုပေါင်း(၁)ဦး၊ တက္ကသိုလ် ဘွဲ့ရသူ ဦးရေ စုစုပေါင်း (၅)ဦး ရှိပါသည်။ ကျေးရွာပညာရေးတိုးတက်ရေးအတွက် ကျေးရွာမိဘဆရာအသင်းရှိပြီး ကျောင်းအသုံးအဆောင်ပရိဘောဂများ ဖြည့်တင်းပေးခြင်း၊ တာဝန်ကျကျောင်းဆရာများ နေထိုင်ရန် စီစဉ် ပေးခြင်းစသောကိစ္စများကို ကျေးရွာမိဘဆရာအသင်းမှ ဆောင်ရွက်ပေးသည်။ ကျောင်းစာသင်ဆောင် အနေအထားမှာ လုံလောက်မှုရှိပါသည်။ ကျောင်းသုံးပရိဘောဂ မလုံလောက်၍ ဖြည့်ဆည်းပေးရန် လိုအပ် နေပါသည်။ ရေစစ်အိုးများ သုံးစွဲမှုမရှိခြင်းကြောင့် ကျောင်းသားများအတွက် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာမရရှိပါ။ ကျေးရွာမူလတန်းကျောင်းတွင် ဆရာ၊ဆရာမဦးရေ (၅)ဦး ရှိပါသည်။ မူလတန်း ကျောင်းဖွင့်ရာသီတွင် ကျောင်းဝင်ကြေးသည် အခမဲ့ဖြစ်သောကြောင့် မိဘများအတွက် ကျောင်းစရိတ် အခက်အခဲမရှိပါ။

## ကျန်းမာရေး

ဆေးရုံဆေးပေးခန်းများနှင့် လက်လှမ်းမီခြင်း ရှိကြပါသည်။ ရွာအနီးရှိ မြောက်ဦးမြို့ဆေးရုံကြီးမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အရေးပေါ်လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်သကဲ့သို့ ကလေးငယ်များအတွက်လည်း ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များလဲ လက်လှမ်းမီခြင်း ရှိပါသည်။ သောက်ရေအတွက် ကျေးရွာသောက်ရေကန်ကြီးမှ သုံးစွဲကြရသည်။ ယင်လုံအိမ်သာသုံးစွဲသူ မိသားစု (၁၂)စုသာရှိပြီး အများစုမှာ အိမ်သာမသုံးစွဲကြပေ။ ထို့ကြောင့် ဝမ်းရောဂါများ မကြာခဏဖြစ်တတ် ကြောင်းတွေ့ရသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် ကျောင်းသူ/ သားများအတွက်အသုံးပြုရန်အနည်းငယ်အခက်အခဲရှိပါသည်။ ကျေးရွာမှအိမ်ထောင်စုအချို့ သည် ပလပ်စတစ်အမှိုက်၊ ပိုးသတ်ဆေးဗူးခွံများကို စနစ်တကျ စွန့်ပစ်ခြင်းမရှိသေးပါ။

## ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာသည်သောက်သုံးရေအတွက် ရွာတွင်းသောက်ရေကန်ကို မှီခိုအားထားကြရပြီး မိုးခေါင်ခြင်း မဖြစ်ပေါ်လျှင် တစ်နှစ်စာလုံလောက်စွာသုံးစွဲနိုင်ကြသည်။ မိုးခေါင်ခြင်းကြောင့် သောက်သုံးရေရှားပါးခြင်း ကို ကြုံတွေ့ရပြီး မြောက်ဦးမြို့ လက်ဆည်ကန်မှရေကိုသယ်ယူခြင်းဖြင့် ဖြေရှင်းခဲ့ရသည်။ ကျေးရွာတွင် ရေကန်(၄)ကန်ရှိသော်လည်း အခြားရေကန်များမှ သောက်သုံး၍မရပေ။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် သီးသန့်နေရာများမရှိပါ။ လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဝါကျွတ်လ ဘာသာရေး ဆီမီး ပွဲတော်နှင့် နှစ်စဉ်တပေါင်းလတွင် သာသနာဘောင်သွတ်သွင်းခြင်း ရှင်ပြုအလှူတော်မင်္ဂလာပွဲများကို ရိုးရာ အစဉ်အလာအတိုင်း ကျင်းပကြပါသည်။ ကလေးများအတွက် သီးသန့်ကစားကွင်းမရှိဘဲ နွေရာသီလယ်ကွင်း များတွင်သာ ဘောလုံးကစားကြပါသည်။

## (ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု (လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး)

ကျေးရွာနှင့် မြောက်ဦးမြို့သို့ ဆက်သွယ်ထားသော ရွာချင်းဆက်လမ်းသည် ကျောက်ချောလမ်း ဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ကာ ရာသီမရွေးသွားလာနိုင်သည်။ ကျေးရွာတွင်းလမ်းသည် လမ်း ကျဉ်းခြင်း၊ ဒီရေမြင့်တက်ခြင်းနှင့် မိုးရေများပြည့်လျှံခြင်းကြောင့် မိုးရာသီတွင် သွားလာရန်အလွန်ခက်ခဲ ပေသည်။ ကျေးရွာတွင်ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် လမ်းချဲ့ခြင်း၊ မြေသားဖို့ခြင်းများ ပြုလုပ်သော်လည်း မိုးရာသီတွင် ဒီရေနှင့်မျှောပါသွားခြင်းကြောင့် ယခုတိုင်သွားလာရန်ခက်ခဲနေပြီး ကျောက်ချောလမ်းမြှင့်တင် ရန်လည်း ငွေကြေးအင်းအား မတတ်နိုင်ကြပေ။ ကျေးရွာသည် မဟာဓါတ်အားလိုင်းကို ယခုတိုင် အသုံးမပြု နိုင်သေးပေ။ ယခင်ကကျေးရွာရှိ ဗွီဒီယိုရုံများမှ လပေးအစီအစဉ်ဖြင့် ညနေ(၇)နာရီမှ (၉)နာရီအထိ လျှပ်စစ် သွယ်တန်းအသုံးပြုခဲ့ကြသော်လည်း ယခုအခါကျေးရွာဗွီဒီယိုရုံများ ပျောက်ကွယ်သွားပြီဖြစ်၍ ဆိုလာစနစ် ကိုသာ အသုံးပြုနေကြပေသည်။ ဆိုလာစနစ်ကို အသုံးမပြုနိုင်သော အိမ်ထောင်စု (၁၁)စု ယခုတိုင်ရှိနေ ပါသေးသည်။ တယ်လီဖုန်းဆက်သွယ်ရေး ကွန်ယက်များအား လက်လှမ်းမှီခြင်းရှိပြီး ကျေးရွာသားအများစု သည် လက်ကိုင်ဖုန်းများသုံးစွဲနိုင်ကြပြီး သတင်းအချက်အလက်များ ရရှိကြပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေများ သိရှိရန် ရေဒီယို(၁၃)လုံး၊ တီဗွီ(၄၃)လုံးနှင့် PSI ဂြိုလ်တုစလောင်း (၁၄)လုံး ရှိပါသည်။

## (ဈ) ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေး

ကင်းဆိပ်ကျေးရွာတွင် ကြီးမားသော ရာဇဝတ်မှုများ မရှိပါ။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများပူးပေါင်း၍ စီမံအုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ကြသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မိုးစပါးတစ်မျိုးတည်းစိုက်ပျိုးနိုင်ပြီး မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက်သေချာမှုများ ရရှိလာပါက ယခုထက်ပိုမို၍ အထွက်တိုးနိုင်ရန် အလားအလာကောင်းများရှိပါသည်။ ရေတင်ရန်စက်ကြီးများရှိပါက နွေစပါးထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ပါသည်။ မြောက်ဦးမြို့နယ်နှင့်နီးသဖြင့် လုပ်သားဈေးကွက်သို့ ဝင်ရောက်လုပ်ကိုင်ရန်အခွင့်အလမ်းကောင်းခြင်း၊ ထုတ်ကုန်များအတွက် ကုမ္ပဏီများနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးအဆင်ပြေလွယ်ကူခြင်း၊ မွေးမြူရေး၊ စိုက်ပျိုးရေးထွက်ကုန်များအား ရန်ကုန်ဈေးကွက်သို့တိုက်ရိုက်ရောင်းဝယ်မှုများပြုလုပ်နိုင်ပါသည်။



## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် သင့်တင့်သောအတိုးနှုန်းဖြင့် ချေးငွေလက်လှမ်းမီ ရန်လိုအပ်ပါသည်။ ထို့ပြင် ကောင်းမွန်သောသောက်သုံးရေ လုံလောက်စွာရရှိရေး အဝီစိစက်ရေတွင်းတူးဖော် နိုင်ရန် နည်းလမ်းသစ်များ ရှာဖွေရမည်ဖြစ်ပါသည်။ မြို့ပြနှင့်နီးသော ကျေးရွာဖြစ်၍ လက်ရှိစိုက်ပျိုးမြေဧရိယာအပြင် တိုးချဲ့မြေနေရာမရှိတော့ပါ ။ စပါး၊ ဆောင်းသီးနှံ၊ မိုးသီးနှံ၊ ဟင်းသီးဟင်းရွက်စသည်တို့ တိုးတက် ထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ ဖျက်ပိုးရောဂါကာကွယ်နှိမ်နင်းနည်းများ၊ စပါး အပြင် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာဝန်ဆောင်မှုများ လိုအပ်လျက်ရှိပါသည်။ ထို့ပြင် မြို့နယ်လျှပ်စစ်ဌာနနှင့်ဆက်သွယ်၍ ကျေးရွာနေအိမ်ထောင်စုအားလုံး လျှပ်စစ်မီးသုံးစွဲနိုင်ရန် လျှပ်စစ်မီးလိုင်းများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပါသည်။ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေ၊ မျိုးကောင်းမျိုးသန့်၊ ဈေးကွက်ဖွံ့ဖြိုးရေးများ လိုအပ်နေခြင်းသည် ကျေးရွာ၏အဓိကကျော်လွှားရမည့် အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများဖြစ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

## ရည်မှန်းချက်ပန်းတိုင်

၁။ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရန်ဆောင်ရွက်ခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်များ အသုံးပြုပြီး တစ်ဧကအ ထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်း၊ ပိုးမွှားနှင့်သီးနှံရောဂါကာကွယ်ရေး အသိပညာများရရှိခြင်းဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာစေရမည်။

၂။ အသားစားကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားတို့၏ ဝင်ငွေတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရမည်။

၃။ ကောင်းမွန်သောသောက်သုံးရေလုံလောက်စွာရရှိစေခြင်း၊ ကျန်းမာရေးပညာပေးအစီစဉ်များဆောင် ရွက်ခြင်းဖြင့် ကျေးရွာသားများကျန်းမာရေး ဗဟုသုတပြည့်ဝလာ၍ ကျန်းမာရေးအဆင့်အတန်း မြင့်တက် လာစေရမည်။

**ဆောင်ရွက်မည့်နည်းဗျူဟာ**

ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းပြီးကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုကို ရယူပြီးလျှင် မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနသို့တင်ပြ၍ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည်။ လယ်သမားအဖွဲ့ဖွဲ့စည်းမည်။ ၎င်းအဖွဲ့သည်ဌာနဆိုင်ရာများနှင့် ဆက်သွယ်၍ ရေရရှိနိုင်ရန် ဆောင်ရွက်မည်။ ငွေကြေး၊ နည်းပညာဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ချေးငွေရရှိအောင်ဆောင်ရွက်ပြီး ဝက်၊ အသားစားကြက် စသောမွေးမြူရေးတိုးချဲ့လုပ်ကိုင်မည်။ ကျေးရွာ ကျန်းမာရေးဆပ်ကော်မတီကို ဖွဲ့စည်းပြီးမြို့နယ်ကျန်းမာရေးဌာနသို့ ဆက်သွယ်တင်ပြ၍ ကျန်းမာရေးပညာ ပေးအစီအစဉ်များရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေး အဆင့်အတန်းမြင့်တက်အောင် ဆောင်ရွက် မည်။ ကျေးရွာတွင်အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းနှီးငွေများရရှိလာပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်ခွဲဝေချထားပေးမည်။ အလားတူ ပင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေးနည်းပညာ



သင်တန်း၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာန များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ် ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။

ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အ ရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိ မည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အ တိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါ ဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ ဦးစားပေးရွေးချယ်ခဲ့ကြသည့် လုပ်ငန်းစီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဆက်လက်ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန် သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှု မရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် နှစ်အလိုက်ဘတ်ဂျတ်နှင့် ငွေကြေးရရှိနိုင်ရာများအပါအ ဝင် စီမံကိန်း၊ စီမံချက်များကို အချိန်နှင့်တပြေးညီဖြည့်စွက်ရေးသွင်းနိုင်ရန် လမ်းဖွင့်ပေးထားသည်။ ကျေးရွာ၏ဦးစားပေးလုပ်ငန်းများသည် သင့်တင့်သော အရေးယူဆောင်ရွက်မှုလိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ် များ ပေါ်ပေါက်ဘာမှု၊ အတွေးအမြင်နှင့် မဟာဗျူဟာအသစ်များပေါ်ထွက်လာမှု၊ သဘာဝဘေးအန္တရာယ်၊ ဒေသတွင်းပဋိပက္ခကဲ့သို့သော အခြားအကြောင်းအရာများ ဖြစ်ပွားမှုတို့ ပေါ်မူတည်ပြီး ပြောင်းလဲမှုရှိနိုင် သည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပါတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ် ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ် ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်များကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ အရင်းအနှီး၊ စွမ်းရည်မြှင့်တင်ရေး၊ အရင်းအနှီးနှင့် စွမ်းရည်မြှင့်တင်ရေးနှစ်ရပ်လုံး လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

**လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း** - ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း** - တွင်

- ငွေကြေးရင်းနှီးမြှုပ်နှံမှု
- စွမ်းရည်မြှင့်တင်ရေး
- အထွေထွေရင်းနှီးမြှုပ်နှံမှု(ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းရည်မြှင့်တင်ရေးပေါင်းစပ်လျက်)
- အရေးပေါ်အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအ စဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ နှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | စီမံကိန်းအကြောင်းအရာဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအဆောက်အအုံ | ၁။ရွာတွင်းလမ်းများကျောက်ချောခင်းခြင်း | ၉၈မှတ် | ၁ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်း ဆောင်ရွက်မည် | |
| ဘဏ်စနစ်နှင့်ငွေရေးကြေးရေးလုပ်ငန်းများ | ၂။ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၇၇မှတ်<br>၆၅မှတ် | ၂<br>၃ | စိုက်ပျိုးရေးစရိတ်၊တိရိစ္ဆာန်မွေးမြူရေးနှင့်အခြားဝင်ငွေရလုပ်ငန်းများ<br>တိုးတက်ရေးအတွက်ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်း၊ကျေးရွာအဖွဲ့အစည်းများကိုယ်တိုင်စီမံခန့်ခွဲသောငွေ<br>စုငွေချေးစနစ်တည်ထောင်ခြင်း၊ငွေကြေးဝန်ဆောင်မှုပေးသောအ | |

| | | | | | |
|---|---|---|---|---|---|
| ကျန်းမာရေး | ၃။ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီမှုတိုးတက်ကောင်းမွန်ရေးဆောင် ရွက်ခြင်း | ၅၂ | ၄ | ဖွံ့အစည်းများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ပါဝင်မည်။<br><br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်မြို့နယ်ကျန်းမာရေးဌာနနှင့်အခြားဖွံ့ ဖြိုးရေးအေဂျင်စီများနှင့်ပူးပေါင်းဆောင်ရွက်မည်။ | |
| | ၄။အိမ်တိုင်းစေ့ယင်လုံ အိမ်သာတည်ဆောက် ခြင်း | ၄၅ | ၆ | ကျေးလက်ကျန်းမာရေးပညာပေးခြင်းများပြုလုပ်ပြီးကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည်သက်ဆိုင်ရာဌာနများဖြင့်အခြားဖွံ့ဖြိုးရေးအေဂျင်စီများ နှင့်ပူးပေါင်းဆောင်ရွက်မည်။ | |
| စိုက်ပျိုးရေး | ၅။သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း | ၅၃ | ၅ | သောက်သုံးရေဖူလုံစေရန်အဝီစိစက်ရေတွင်းတူးဖော်ရေး၊ သောက်ရေ ကန်များအားခြံစည်းရိုးကာရံခြင်း၊ကျန်းမာရေးပညာပေးအစီအစဉ်များ ပုံမှန်ရရှိရန်ဆောင်ရွက်မည်။ | |
| ယဉ်ကျေးမှု၊လူ | ၆။လယ်ယာသုံးစက်ပစ္စည်းများအားလ | ၃၃ | ၇ | ကုန်သည်လယ်ယာဌာန၊စိုက်ဘဏ်၊စိုက်ပျိုးရေးဦးစီးဌာန၊ပုဂ္ဂလိကအဖွဲ့ | |

| | | | | | |
|---|---|---|---|---|---|
| ငယ်နှင့်အား<br>ကစား | က်<br>လှမ်းမီအောင်ဆောင်<br>ရွက်ခြင်း<br><br>၇။လူငယ်ဖွံ့ဖြိုးတိုး<br>တက်ရေးအစီအစဉ်<br>များ | | | အစည်းများနှင့်ချိတ်ဆက်၍လယ်ယာသုံးစက်ပစ္စည်းများအားလ<br>က် လှမ်းမီအောင်ဆောင်ရွက်သွားမည်။<br><br>ကျေးရွာယာယီစာကြည့်တိုက်ဖွင့်လှစ်ပြီး<br>ထိန်းသိမ်းရေးကော်မတီဖွဲ့<br>စည်းပြီးမြို့နယ်ပြန်ဆက်ဌာနနှင့်ဆက်သွယ်ပြီးစာအုပ်များစုဆေ<br>ာင်း ပြီးစာကြည့်တိုက်ဖွင့်လှစ်ရေးဆောင်ရွက်သွားမည်။ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ ၏အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပါတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံကိန်း | ဦးစားပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ရွာတွင်းလမ်းကျောက်ချောခင်းခြင်း | ၁ | - | - | | | |
| ၂။ငွေကြေးဝန်ဆောင်မှုလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၂ | | - | - | - | - |
| ၃။ ဆေးပေးခန်းတည်ဆောက်ခြင်း | ၃ | | - | | | |
| ၄။ယင်လုံအိမ်သာတည်ဆောက်ခြင်း | ၄ | - | - | | | |
| ၅။လယ်ယာသုံးပစ္စည်းများတောင်းခံခြင်း | ၅ | | - | - | | |
| ၆။ရေကန်ပြုပြင်ခြင်း | ၆ | - | - | | | |

## ၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးတာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်း၏

ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။



## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် အတတ်နိုင်သောအကူ အညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောက်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများတွင်လည်း အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

* ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

* စိုက်ပျိုးရေး ၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံကိန်းခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ၊ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်း လုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေတာဝန်မှာ မြို့နယ်သက်ဆိုင်ရားဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက် ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

ကျွနုပ်တို့ကော်မတိအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းလုပ်ငန်းဆောက်လုပ်ခြင်းလုပ်ငန်းများတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း ၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် လမ်းပေါ်တွင်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော သည်းကမ်းများ သတ်မှတ်မည်။



ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်မည်။

## ၁၀။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်

ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက် နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ် ၊လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်ဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး ၊ကော်အတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

